http://www.dhammadownload.com

အမှတ်-၁၀၀၆

DHAMMAVIJJĀLAYA

2546 2003

CENTRE FOR BUDDHIST STUDIES

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မြတ်သောဥစ္စာ စုဆောင်းပါ

http://www.dhammadownload.com

# ဓမ္မဒါနကုသိုလ်ရှင်

..............................................

http://www.dhammadownload.com

သို့ Lotus Group ..............................................

..............................................

မှ Ma Chit ..............................................

..............................................

အမှတ်တရ ဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင်

တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

http://www.dhammadownload.com

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်) သာသန-၀၉ အရ
၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

**ထုတ်ဝေသူ**
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

**မျက်နှာဖုံးဒီဇိုင်း။ အတွင်းဖလင်နှင့်ပုံနှိပ်**
**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ် ၁၅၂ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

**စာအုပ်ရရှိနိုင်သော နေရာ**

**အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

**ဦးအုံး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဗီ)ရုံ မြေအောက်ထပ်။
ဖုန်း ၂၉၀၆၀၀(လိုင်းခွဲ) ၄၁၇၄

**မွေ့ရှားယာ သာသနမာမတာအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၈၈၀

F18

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မြတ်သောဥစ္စာ စုဆောင်းပါ

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏
# ထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ

၂။ MRTV(4) တရားတော်များ (၃)ပုဒ်တွဲ

(က) နှစ်ဦးကာလ ဓမ္မလက်ဆောင်

(ခ) မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

(ဂ) ယနေ့လူသားများရဲ့ မနက်ဖန်ကမ္ဘာ

၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း

၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း

၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား

၆။ ဘဝအရေး စိတ်အေးရလေအောင်

၇။ ဓမ္မကြေးမုံ

၈။ တောင်ပို့ထဲက ရတနာ

၉။ မြတ်သောဥစ္စာစုဆောင်းပါ

၁၀။ သမထနှင့် ဝိပဿနာ

၁၁။ ရောဂါကုစား စိတ်စွမ်းအား

http://www.dhammadownload.com

# အမှာစာ

သာသနာတော်နှစ် ၂၅၅၁-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉-ခုနှစ်၊ ဝါခေါင် လပြည့်ကျော် (၁၁)ရက်နေ့ည မန္တလေးမြို့ ၃၈-လမ်း၊ ၈၂-လမ်းနှင့် ၈၃-လမ်း ကြားရှိ ဗုဒ္ဓဂယာမွေ့ရုံကြီး အတွင်းဝယ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနား၌ နှစ်ဖက်မိဘများ အမှူးထားသည့် ဦးအောင်နိုင်ဆွေ သီရိသုဓမ္မသီဂီ ဒေါ်မြင့်မြင့်နွယ်သား မောင်ဟိန်းသူ၊ မောင်ငြိမ်းခန့်ကျော်၊ သီရိရွှေစင်ရွှေဆိုင် မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **မြတ်သောဥစ္စာစုဆောင်းပါ** တရားဒေသနာတော်။

ဤစာအုပ်သည် ဟောတရားကို အသံမှ စာအဖြစ် ကူးပြောင်းရေးသား၍ တည်းဖြတ်ထုတ်ဝေအပ်သော စာအုပ်ဖြစ်သည်။ အင်္ဂုတ္တရနိကာယ သတ္တကနိပါတမှာ ပါရှိသော "**ဓနသုတ်**" ၂-သုတ်

http://www.dhammadownload.com

(အကျဉ်းနှင့်အကျယ်) ကို ရှင်းလင်းဟောကြားထားသည်။ **"သူတော်ဥစ္စာခုနစ်ဖြာ"** ဟု အများသိသော တရားဖြစ်၏။ ထို သူတော်ဥစ္စာခုနစ်ဖြာ (သတ္တအရိယဓန) ကိုပင် **"မြတ်သောဥစ္စာ စုဆောင်းပါ"** ဟူသော အမည်ဖြင့် ဟောထားခြင်းဖြစ်သည်။

ပကတိဥစ္စာ စုဆောင်းမိကြသော ပုဂ္ဂိုလ်များ အနေနဲ့ မျက်မှောက်ဘဝမှာ ချမ်းသာသုခ ခံစားနိုင်ကြသလို မြတ်သောဥစ္စာ စုဆောင်းကြသူများမှာ မျက်မှောက်ဘဝတွင်သာမက သံသရာ ဘဝမှာပါ ချမ်းသာသုခ အဆက်ဆက် ရရှိနိုင်ကြရုံမျှမက နိဗ္ဗာန်ချမ်းသာကိုပါ မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပေသည်။

လူ့ဘဝရရှိခိုက်မှာ လူတိုင်းလူတိုင်း မမေ့သော သတိ၊ မလျော့သော လုံ့လဝီရိယဖြင့် **"မြတ်သော ဥစ္စာများ"** ကို ရယူစုဆောင်းနိုင်ကြပါစေ။

**မမွှအသိ ရှိလျက်နေမည်။**

**အရှင်နန္ဒမာလာဘိဝံသ**

http://www.dhammadownload.com

# မြတ်သောဥစ္စာ စုဆောင်းပါ

## ဥစ္စာ ၂-မျိုး

လောကမှာ လူရယ်လို့ဖြစ်လာရင် ဥစ္စာဓနတွေကို ရှာဖွေစုဆောင်းကြရမှာ ဖြစ်တယ်။ လူတွေနေ့စဉ်ရှာဖွေနေကြတဲ့ ဥစ္စာဓနရဲ့ အရည်အသွေးနဲ့ မြတ်စွာဗုဒ္ဓက ရှာဖွေစုဆောင်းဖို့ တိုက်တွန်းတဲ့ ဥစ္စာရဲ့ အရည်အသွေး၊ ဒီနှစ်မျိုးကို သေသေချာချာ နှိုင်းယှဉ်ပြီး ကြည့်မယ်ဆိုရင် အလွန်ကွာခြားတာကို တွေ့ရမှာဖြစ်တယ်။ သို့သော်လည်း လောကလူသားတွေဟာ နေ့စဉ်နှင့်အမျှ ပကတိပစ္စည်းဥစ္စာကိုသာ

http://www.dhammadownload.com



ရှာကြတယ်၊ ပကတိပစ္စည်းဥစ္စာကို မရှာရဘူးလို့ ဆိုလိုတာ မဟုတ်ဘူး၊ ပကတိပစ္စည်းဥစ္စာရဲ့ အကျိုး ပြုမှုဟာ အင်မတန်မှ နည်းပါးတယ်လို့ ဆိုလိုတာ ဖြစ်တယ်။

ရထားတဲ့ စီးပွားဥစ္စာက လူတွေကို အကျိုးပြု တာဟာ အင်မတန်မှ တိုတောင်းပါတယ်။ အဲဒီလို အင်မတန်မှ တိုတောင်းသည့် အတွက်ကြောင့် တိုတောင်းသည့် ခဏလေးအတွင်းမှာဘဲ ပစ္စည်း ဥစ္စာက အကျိုးပြုနိုင်တယ်။ အကျိုးပြုတဲ့အချိန် မှာတောင် အပြည့်အဝ အကျိုးပြုသလားဆိုတော့ တစ်ဖက်က အကျိုးပြုတာ တွေ့ရသလို ကျန် တစ်ဖက်က အကျိုးမပြုတာကိုလည်း တွေ့ရတယ်။ ပစ္စည်းဥစ္စာကို အကြောင်းပြုပြီး ဆင်းရဲဒုက္ခရောက်ရ တာတွေလည်းရှိတယ်။

http://www.dhammadownload.com



ပစ္စည်းဥစ္စာ ရွှေ ငွေ ရတနာတွေ အလွန်များလွန်းလို့ ချမ်းသာကြွယ်ဝတဲ့ လူတစ်ယောက်ဟာ ထိုပစ္စည်းဥစ္စာတွေကို အကြောင်းပြုပြီး ချမ်းချမ်းသာသာ နေနိုင်ပေမယ့်လို့ ထိုပစ္စည်းတွေကို အကြောင်းပြုပြီး ဒုက္ခရောက်ရတာလည်း အများအပြားတွေ့ရတယ်။ ဒါကတော့ ဘယ်သူမှ မငြင်းနိုင်တဲ့ အကြောင်းကိစ္စတစ်ခုဖြစ်တယ်။ အဲဒီတော့ လောကမှာ ပစ္စည်းဥစ္စာတွေဟာ ရှာသာရှာရတယ် ကောင်းကျိုးချည့် ပေးတာမဟုတ်ဘူး၊ မကောင်းကျိုးကိုလည်း ပေးတယ်လို့ ပြောနိုင်ပါတယ်။

## ပကတိဥစ္စာနဲ့ ရန်သူမျိုး ၅-ပါး

ပကတိဥစ္စာလို့ခေါ်တဲ့ လောကလူသားတွေ ရှာဖွေနေကြတဲ့ ပစ္စည်းဥစ္စာတွေက ဘာနဲ့ဆက်နွယ်နေသလဲဆိုရင် အဖျက်အမျိုးမျိုးနဲ့လည်း ဆက်နွယ်

http://www.dhammadownload.com



နေတယ်။ 'အဂ္ဂိသာဓာရဏာ ဘောဂါ' တဲ့၊ မီးလောင်လို့ရှိရင်လည်း ပျက်စီးကုန်ဆုံးသွားနိုင်တယ်၊ ဒီလိုမျိုးကို ဆိုလိုတာနော်၊ မီးဖျက်ရင်လည်း ပျက်သွားနိုင်တယ်၊ 'ဥဒကသာဓာရဏာဘောဂါ' - ရေဖျက်ရင်လည်း ပျက်သွားနိုင်တယ်၊ ထို့အတူ 'ရာဇသာဓာရဏာဘောဂါ' - တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတွေ သိမ်းယူသွားရင်လည်း ပါသွားနိုင်တယ်၊ 'စောရသာဓာရဏာဘောဂါ' - သူခိုး သူဝှက်တွေ ပစ္စည်းကို လိုချင်တဲ့သူတွေက တိုက်ခိုက် ခိုးယူသွားရင်လည်း ပစ္စည်းတွေက ပါသွားနိုင်တယ်။ 'အပ္ပိယဒါယာဒသာဓာရဏာဘောဂါ' - မချစ် မနှစ်သက်အပ်တဲ့ သားဆိုး သမီးဆိုးတွေကြောင့်လည်းဘဲ ထိုပစ္စည်းတွေဟာ ကုန်ပြန်တာပဲ၊ ဘယ်လောက်ပဲ ပင်ပင်ပန်းပန်း ရှာထားရှာထား ထိုပစ္စည်းတွေဟာ တနည်းနည်းနဲ့ ကုန်ဆုံးသွားမှာ ဖြစ်သည့်အတွက်

http://www.dhammadownload.com



ကြောင့် ခိုင်မာမှုဆိုတာ အလွန်တရာနည်းတယ်လို့ ဆိုလိုတာဖြစ်တယ်။

ထို့အတူဘဲ ထိုပစ္စည်းကို သုံးစွဲခွင့်ရတဲ့၊ ထိုပစ္စည်းရဲ့ အကျိုးကို ခံစားခွင့်ရတဲ့ အချိန်ပိုင်းကလေးကလည်း အင်မတန်မှ တိုတောင်းတယ်၊ သက်တမ်းနဲ့ တွက်ကြည့်မယ်ဆိုရင် အင်မတန်မှ တိုတောင်းတဲ့အတွက် ထိုအချိန်ပိုင်းကလေးအတွင်းမှာသာ သုံးရတာ၊ ပစ္စည်းဥစ္စာဆိုတာဟာ မရှိလည်း မဖြစ်ဘူး၊ ရှိလည်း ထိုအချိန်ပိုင်းကလေးအတွင်းမှာသာ ထိုပစ္စည်းဥစ္စာကို သုံးစွဲကြရတာပါပဲ၊ အားလုံး တစ်နေ့ကျတော့ မိမိတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေ အကုန်လုံးထားပြီးတော့ သွားကြရတာပါပဲ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀-လောက်က မန္တလေးမြို့ကြီး တည်သွားခဲ့တဲ့ မင်းတုန်းမင်းကြီးဆိုတာ အခု ရှိသေးရဲ့လား၊ မရှိတော့ဘူးလေ၊ သူ

http://www.dhammadownload.com



ဆောက်လုပ် စိုးစံသွားတဲ့ နန်းတော်ကြီးတွေ အကုန်ထားခဲ့ပြီး သွားရတယ်၊ ဒါဟာ သမိုင်းက သက်သေထူလိုက်တဲ့ အချက်ပဲ။

မန္တလေးမြို့တော်သူ မြို့တော်သားတွေထဲက ဒီအရပ်မှာ နေသွားကြတဲ့ပုဂ္ဂိုလ်တွေ မြောက်များစွာ ရှိတယ်၊ သို့သော် အဲဒီပုဂ္ဂိုလ်တွေဟာ အဆောက်အဦးတွေ ပစ္စည်းဥစ္စာတွေကို ထားခဲ့ကြရတာပါပဲ၊ အဲဒီတော့ ပစ္စည်းဥစ္စာဟာ ခိုင်မာမှု မရှိသလို ရှည်ကြာမှုလည်း မရှိဘူးတဲ့။

ပစ္စည်းဥစ္စာကို အကြောင်းပြုပြီးတော့ သုခ ခံစားရတာရှိသလို ထိုပစ္စည်းဥစ္စာကို အကြောင်းပြုပြီး ဒုက္ခရောက်ရတာတွေလည်း ရှိပါတယ်။ '**မရှိတောင့်တ ရှိကြောင့်ကျ**' ဆိုတဲ့အတိုင်း ရှိထားတဲ့ ပစ္စည်းဥစ္စာပေါ်မှာ စိုးရိမ်မှုဆိုတာတွေလည်း ရှိသေး

http://www.dhammadownload.com



တယ်၊ အေး ဒါကြောင့်မို့ ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေကို "မြတ်သောဥစ္စာ" လို့ မဆိုနိုင်ဘူး။

## မြတ်သောဥစ္စာ

ကဲ မြတ်စွာဗုဒ္ဓက ရှာဖွေစုဆောင်းဖို့ တိုက်တွန်းတဲ့ မြတ်သောဥစ္စာ ဆိုတာက ဘာတွေလဲ၊ **သဒ္ဓါ သီလ ဟိရီ ဩတ္တပ္ပ သုတ စာဂ ပညာ** ဆိုတဲ့ လူ့ရဲ့အရည်အချင်းတွေပဲ ဖြစ်တယ်။

## သဒ္ဓါ

နံပါတ်(၁) မြတ်သောဥစ္စာက သဒ္ဓါဖြစ်တယ်၊ သဒ္ဓါဆိုတာ မိမိတို့ရဲ့ စိတ်သန္တာန်မှာ ဖြစ်လာသည့်အတွက်ကြောင့် ဘယ်လို သဘာဝတရားလည်း ဆိုတာကို လေ့လာရမယ်၊ မိမိသန္တာန်မှာ သဒ္ဓါတရားဖြစ်လာလို့ရှိရင် စိတ်အခြေအနေ ဘယ်လိုဖြစ်လာ

http://www.dhammadownload.com



သလဲ၊ လောကမှာ လူတွေက လျှုတယ် တန်းတယ် ဆိုရင် 'ဩော်- သဒ္ဓါတရား သိပ်ကောင်းတယ်' ဒီလိုပြောကြတယ်နော်။

အေး- အဲဒီ သဒ္ဓါတရားဆိုတာ ယုံကြည်ချက် **(confidence)** ပဲ၊ ဒီယုံကြည်ချက်ကို သဒ္ဓါလို့ ခေါ်တယ်၊ ဘာတွေကို ယုံကြည်တာလဲဆိုတော့ လောကမှာ ယုံတာတွေက အများကြီးရှိတယ်၊ ဟိုလူ ပြောလို့ယုံတာ၊ ဒီလူပြောလို့ ယုံတာတွေရှိတယ်၊ ဒီနေရာမှာ ယုံကြည်ချက်ဆိုတာ ဘာကို ယုံကြည် တာလဲဆိုရင် ကံ, ကံရဲ့အကျိုးကို ယုံကြည်တာကို ခေါ်တယ်၊ ကောင်းကံ, မကောင်းကံဆိုတာ လောက မှာ ရှိတယ်လို့ ယုံကြည်တာကိုခေါ်တယ်။

နောက်တစ်ခုက ဗုဒ္ဓဘာသာဝင် သူတော်စင် တွေအနေနဲ့ မြတ်စွာဗုဒ္ဓရဲ့ ဉာဏ်တော်အရည်သွေးနဲ့ ပတ်သက်ပြီး ယုံကြည်တယ်။ ဘုရားဆိုတာ အားလုံး

http://www.dhammadownload.com



ကို သိတယ်၊ သံသရာဝဋ်က လွတ်မြောက်ကြောင်း တရားကို သိတယ်၊ ဟောပြောနိုင်တယ်၊ နိဗ္ဗာန် ရောက်ကြောင်းတရားကို ဟောပြောနိုင်တယ်၊ သြော် မြတ်စွာဘုရားရဲ့ ဉာဏ်အရည်အသွေးကို ယုံကြည် တာကိုလည်း သဒ္ဓါလို့ခေါ်တယ်။

နောက်တစ်ခုက မြတ်စွာဘုရား ဟောထားတဲ့ တရားဟာ လက်တွေ့ကျင့်မယ်ဆိုရင် ထိုတရားက ကျင့်သုံးတဲ့ပုဂ္ဂိုလ်ကို ဆိုင်ရာအကျိုးတွေကို ပေးနိုင် တယ်လို့ ယုံကြည်တယ်၊ သံဃာတွေနဲ့ ပတ်သက်လို့ ရှိရင် သံဃာတွေကို လှူလိုက်လို့ရှိရင် အနည်းငယ် မျှကို လှူသော်လည်း များစွာသော အကျိုးကို ပေးတယ်၊ များစွာသော အကျိုးကို ရနိုင်တယ်လို့ ဒီလို ယုံကြည်တာမျိုးကိုခေါ်တယ်၊ အဲဒီတော့ အချုပ် အားဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာ ၃-ပါးကို ယုံကြည်တာကို သဒ္ဓါလို့ ခေါ်တယ်။

http://www.dhammadownload.com



မိမိတို့စိတ်ထဲမှာ သဒ္ဓါဖြစ်လာရင် ယုံကြည်တယ်၊ ဒီလို "ယုံကြည်တယ်" ဆိုတဲ့ စကားမှာ "ယုံတယ်" ဆိုတာကတစ်ခု၊ "ကြည်တယ်" ဆိုတာက တစ်ခု၊ ဒီလိုမှတ်ရမယ်၊ ယုံတယ်ဆိုတာ လက်ခံတာ၊ လက်ခံတဲ့သဘောဖြစ်တယ်၊ ဒီကံ ကံရဲ့အကျိုးဆိုတဲ့ သဘောတရားတွေကို လက်ခံထားတာ ဖြစ်တယ်၊

သဒ္ဓါတရား ဖြစ်လာပြီဆိုရင် စိတ်ထဲမှာ ညစ်နောက်နေတာတွေ မဖြစ်တော့ဘူး၊ ဘာနဲ့ တူသလဲဆိုရင် ရှေးခေတ်တုန်းက စကြာမင်းကြီး ဆိုတာရှိတယ်၊ အဲဒီစကြာမင်း ခရီးသွားတဲ့အခါမှာ ရေကြည်တော်ဆက်သဖို့ သူ့ရဲ့လူတွေကိုပြောတော့ (အဲဒီအခါက ခုခေတ်လူတွေလို ရေသန့်ဘူးတွေ ဘာတွေ မရှိသေးဘူး) စကြာမင်းကြီး ရေလိုချင်တဲ့ နေရာမှာ ရေတွေကနောက်နေတယ်၊ အဲဒီ နောက် နေတဲ့ ရေတွေပဲ ရှိတာကြောင့် စကြာမင်းကြီးက

http://www.dhammadownload.com



ရေသောက်ချင်တယ်ဆိုတော့ ခွက်နဲ့ခပ်တယ်၊ ခပ်ပြီးတော့ စကြာမင်းကြီးမှာ ပါလာတဲ့ ပတ္တမြားရတနာကို ရေထဲထည့်လိုက်တယ်၊ အဲဒီလို ရေထဲ ပတ္တမြားရတနာ ထည့်လိုက်တာနဲ့ ပတ္တမြားရဲ့အစွမ်းကြောင့် ရေထဲက အနယ်တွေအားလုံး ထိုင်သွားပြီး ရေကြည်ရေသန့်ကို ရပါတယ်။ (အဲဒါနဲ့ ရေသန့်စက် လုပ်ရင် ဘယ်လောက် ကောင်းလိုက်မလဲနော်) စကြာမင်းရဲ့ ပတ္တမြားရတနာဟာ ရေညစ်ရေနောက်တွေကို ကြည်လင်စေတယ်။

အဲဒီလိုဘဲ ဟောဒီ သဒ္ဓါတရား စိတ်ထဲမှာ ပေါ်လာတာနဲ့ တပြိုင်နက် လူရဲ့စိတ်ဟာ ကြည်သွားတယ်၊ ဘာဖြစ်လို့ ကြည်သွားတုန်း ဆိုတော့ **အဋ္ဌသာလိနီ** အဋ္ဌကထာမှာ ဆိုထားတာက "သဒ္ဓါ-ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရားဟာ၊ **ဥပ္ပဇ္ဇမာနာ**-ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ အခါသမယမှာ၊ **နီဝရဏေ**-

http://www.dhammadownload.com



နီဝရဏတရားတို့ကို၊ ဝိက္ခမ္ဘေတိ–ပယ်ရှားနိုင်တော့၏" တဲ့။

စိတ်ရဲ့ အညစ်အကြေးဆိုတာ ရှိတယ်နော်၊ ရုပ်ခန္ဓာကိုယ်မှာ အညစ်အကြေးရှိတယ် ဆိုတာကိုတော့ လူတိုင်းသိကြတယ်၊ ရုပ်ခန္ဓာကြီး ညစ်ထေးနေရင် ဘာလုပ်ကြတုန်းဆိုတော့ ရေမိုးချိုး ဖြီးလိမ်းပြီး ရုပ်ခန္ဓာသန့်ရှင်းအောင် လုပ်ကြတယ်၊ ထို့အတူပဲ စိတ်မှာလည်း အညစ်အကြေးတွေရှိတယ်၊ ရုပ်ကို ညစ်ပေသွားရင် ညစ်ပေသွားတာကို လူတိုင်းသိတယ်၊ စိတ်ညစ်ပေသွားတာကိုတော့ လူတိုင်း မသိပါဘူး၊ စိတ်မှာလည်းပဲ အဲဒီလို ညစ်ပေသွားတာမျိုး ရှိတယ်၊

ဘာတွေက စိတ်ကို ညစ်ပေစေတာလဲ ဆိုတာကိုတော့ ဓမ္မအသိဉာဏ်နဲ့မှ သိနိုင်တယ်။

http://www.dhammadownload.com



## စိတ်အညစ်အကြေးများ

စိတ်ကို ညစ်ပေသွားစေတဲ့ အရာတွေက ဘာတွေလဲဆိုတော့ **ကာမစ္ဆန္ဒ၊ ကာမ–** လိုချင်စရာ အာရုံတွေကို စိတ်ဝင်စားပြီးတော့၊ **ဆန္ဒ–**လိုချင်တဲ့ တဏှာ ဖြစ်နေတာကို ခေါ်တယ်၊ လိုချင်စရာအာရုံ တွေက ဘာတွေလဲဆိုတော့ မျက်စိနဲ့ မြင်လို့ရတဲ့ အာရုံ၊ နားနဲ့ကြားလို့ရတဲ့ အာရုံ၊ နမ်းရှူလို့ရတဲ့ အာရုံ၊ လျှာနဲ့အရသာခံလို့ရတဲ့ အာရုံ၊ ခန္ဓာကိုယ်နဲ့ ထိတွေ့ရတဲ့ အာရုံ၊ ဒါတွေအားလုံးဟာ လိုချင်စရာ တွေဖြစ်တဲ့အပြင် အာရုံတွေနဲ့ စိတ်ကိုနှောင်ဖွဲ့ ထားလို့ "ကာမဂုဏ" လို့ ခေါ်တာနော်၊ "ကာမ" ဆိုတာဟာ လိုချင်စရာ၊ "ဂုဏ" ဆိုတာ အနှောင် အဖွဲ့လို့ အဓိပ္ပါယ်ရတယ်။

သာမန်နဲ့ ရှန်းထွက်ပြီးတော့ မသွားနိုင်ဘူး၊ မျက်စိနဲ့လည်း လှတာ,ပတာ ကြည့်ချင်တယ်၊ နားနဲ့

http://www.dhammadownload.com



လည်း သာယာတဲ့အသံကို နားထောင်ချင်တယ်၊ နှာခေါင်းနဲ့လည်း မွှေးကြိုင်တဲ့အနံ့ကို နမ်းရှူချင်တယ်၊ ဒါတွေကို သာမန်နဲ့ ဖယ်ရှားပစ်နိုင်စွမ်း မရှိဘူးတဲ့၊ အဲဒီလို ကာမစ္ဆန္ဒရှိနေတဲ့ လိုချင်စရာအာရုံတွေပေါ်မှာ စိတ်ဆန္ဒပြင်းပြနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့စိတ်ဟာ ကြည်နေတာမျိုး မဖြစ်ဘူး၊ အဲဒီလို ကာမစ္ဆန္ဒတွေ လွှမ်းမိုးနေတဲ့အတွက် ထိုပုဂ္ဂိုလ်ဟာ အဲဒီအချိန်မှာ တရားထူး မရနိုင်ဘူး၊ ထူးခြားတဲ့အသိဉာဏ် မဖြစ်ပေါ်နိုင်ဘူး၊ အဲဒါကြောင့် **နီဝရဏတရား** လို့ ခေါ်တယ်။

**နီဝရဏ** ဆိုတာ အဟန့်အတား, အတားအဆီးတွေ ဖြစ်တယ်၊ နီဝရဏက ဘာကို တားဆီးသလဲဆိုရင် ကုသိုလ်စိတ်ကို တားဆီးတာတဲ့။ စဉ်းစားကြည့်လေ၊ အပျော်အပါးအာရုံကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး ဓမ္မ

http://www.dhammadownload.com



အသိဉာဏ် ရနိုင်မှာလဲ၊ မရနိုင်ပါဘူးနော်၊ အေး ဒါကြောင့်မို့ ကာမစ္ဆန္ဒဆိုတဲ့ သဘာဝတရား စိတ်ထဲမှာ ဖြစ်လာပြီဆိုရင် အဲဒီ ကာမစ္ဆန္ဒကို ဖယ်ရှားပစ်ရမယ်။

ဖယ်ရှားပစ်နိုင်တာက ဟောဒီ သဒ္ဓါတရားပဲ ဖြစ်တယ်၊ သဒ္ဓါတရားကသာ နီဝရဏ အဟာန့်အတားတွေကို ဖယ်ရှားပစ်နိုင်တယ်၊ သဒ္ဓါတရားလေး ပေါ်လာတာနဲ့ တပြိုင်နက် ဟောဒီ ကာမစ္ဆန္ဒဆိုတဲ့ ပျော်စရာအာရုံတွေပေါ်မှာ စိတ်ဝင်စားနေတာတွေ ပျောက်သွားတယ်၊ ပျော်စရာအာရုံတွေနဲ့ မပျော်တော့ဘဲ တရားနာမယ်၊ ဓမ္မ အသိဉာဏ်တွေကို ရအောင်လုပ်မယ်ဆိုပြီး စိတ်ဝင်စားမှုဟာ တစ်မျိုးပြောင်းသွားတယ်၊ အဲဒါဟာ သဒ္ဓါရဲ့စွမ်းအားကြောင့် ဖြစ်တယ်။

http://www.dhammadownload.com



ဗျာပါဒ ဆိုတာ စိတ်ထဲမှာ အလိုမကျဖြစ်တာ၊ လူတွေက ကိုယ်လိုချင်တာ ရလို့ရှိရင် လောဘ ဖြစ်တယ်၊ လိုချင်တာ မရဘူးဆိုရင် အလိုမကျဘူး၊ ဒေါသဖြစ်တယ်၊ အဲဒီ ဒေါသဟာလည်း ကုသိုလ် တရားတွေကို ဆို့ပိတ်တတ်တဲ့ သဘာဝတရားဖြစ်လို့ နီဝရဏလို့ခေါ်တယ်၊ အဲဒီ ဒေါသနဲ့ အလိုမကျ ဖြစ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့စိတ်ဟာ ညစ်နွမ်း နေသည့်အတွက်ကြောင့် ထူးခြားတဲ့ အသိဉာဏ် တစ်ခုရဖို့ မဖြစ်နိုင်ဘူး၊ ကုသိုလ်စိတ်ဟာ ဘယ်လိုမှ မဖြစ်ပေါ်နိုင်ပါဘူး၊ သို့သော် သဒ္ဓါတရားလေး ရှိလာပြီဆိုရင် အဲဒီ အနောက်တွေ၊ အညစ်တွေ အားလုံးကိုဖယ်ပြီးတော့ စိတ်ဟာ ကြည်သွားတော့ တာပါပဲ။

ထို့အတူဘဲ **ထိနမိဒ္ဓ** ဝင်လာတဲ့အခါမှာ စိတ်အားတွေ လျော့လာတယ်၊ ကောင်းတဲ့အလုပ်

http://www.dhammadownload.com



တွေလုပ်ဖို့ စိတ်မဝင်စားဘူး၊ တရားနာဖို့ စိတ်မဝင်စားဘူး၊ တရားအားထုတ်ဖို့ စိတ်မဝင်စားဘူး၊ သီလစောင့်ဖို့ စိတ်မဝင်စားဘူး ဆိုတာတွေ ဖြစ်လာတတ်တယ်၊ အဲဒီလို စိတ်ကိုတွန့်ဆုတ်စေတတ်တဲ့ သဘာဝတရားတွေဟာ ဓမ္မအသိဉာဏ် ရဖို့ရန်အတွက် အနှောင့်အယှက်တွေပဲဖြစ်တယ်၊ ထိန,မိဒ္ဓကြောင့်လည်းပဲ တရားထူး မရနိုင်ပါဘူးတဲ့။

နောက်တစ်ခုက ဥဒ္ဓစ္စ,ကုက္ကုစ္စ၊ ဥဒ္ဓစ္စ ဆိုတာ စိတ်တွေ လေနေတာကို ခေါ်တယ်၊ စိတ်ဟာ တည်ငြိမ်မှုမရှိဘဲနဲ့ ပျံ့လွင့်နေတယ်၊ ကုက္ကုစ္စ ဆိုတာ တစ်စုံတစ်ရာပေါ်မှာ နောင်တပူပန်စေတဲ့ သဘောတဲ့၊ အဲဒီသဘောတရား(၂)ခု ဖြစ်နေရင်လည်း စိတ်ဟာ ဆို့ပိတ်ထားခံရပြီး အသိဉာဏ်တွေ မရနိုင်ပါဘူးတဲ့။

http://www.dhammadownload.com



နောက်တစ်ခုက **ဝိစိကိစ္ဆာ**၊ သံသယဖြစ်နေတာ၊ တရားဓမ္မနဲ့ ပတ်သက်ပြီး သံသယရှိနေမယ်၊ မြတ်စွာဗုဒ္ဓနဲ့ ပတ်သက်တဲ့ သံသယ၊ အကျင့်နဲ့ ပတ်သက်ပြီး သံသယရှိနေမယ်ဆိုရင်လည်း တရားမရနိုင်ပါဘူးတဲ့၊ အေး ဒါပေမယ့် သဒ္ဓါတရား စိတ်ထဲမှာ ရောက်လာပြီဆိုရင် အဲဒီ အခြေနေတွေ အားလုံး မိမိသန္တာန်မှာ အကုန်ပျောက်သွားတယ်၊ သဒ္ဓါဆိုတဲ့ ယုံကြည်ချက်ဆိုတာ ဒါကိုပြောတာ ဖြစ်တယ်။

သဒ္ဓါဆိုတဲ့ ယုံကြည်ချက်သည် မိမိတို့၏ သန္တာန်မှာ ဖြစ်ပေါ်လာတဲ့အခါမှာ နီဝရဏတရားတို့ကို ဖယ်ရှားပစ်နိုင်တယ်၊ သဒ္ဓါကြောင့် စိတ်ရဲ့ အညစ်အကြေးတွေ နစ်မြုပ်သွားတယ်၊ သဒ္ဓါတရားလေး ပေါ်လာလို့ရှိရင် စိတ်ရဲ့အညစ်အကြေးတွေ အကုန်ပျောက်သွားပြီးတော့ ဘာတွေ ဖြစ်လာ

http://www.dhammadownload.com



သလဲဆိုရင် သဒ္ဓါကြောင့် ကြည်နေတဲ့ စိတ်နဲ့ အလှူပေးလှူတယ်၊ သီလ ဆောက်တည်တယ်၊ ဘာဝနာတရားတို့ကို ပွားများအားထုတ်တယ်၊ ဟော- သဒ္ဓါတရား ရှိလာပြီဆိုရင် လှူချင်တဲ့ စိတ်တွေ၊ သီလ ဆောက်တည်ချင်တဲ့ စိတ်တွေ၊ ကုသိုလ်လုပ်ချင်တဲ့ စိတ်တွေ ပေါ်လာမယ်နော်။

ဘုန်းကြီးတို့ တရားနာပရိသတ်တွေ မိမိတို့ရဲ့ စိတ်ကို ပြန်ပြီးတော့ **checking** လုပ်ကြည့်စမ်းပါ။ လူတွေက ဆေးရုံတွေကိုသွားပြီးတော့ **medical check up** လုပ်ကြတယ်၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီး **check up** လုပ်ကြသလိုပါပဲ **mental check up** လေးကိုတော့ လုပ်ကြည့်ရမယ်၊ ကိုယ့်ရဲ့စိတ်ထဲမှာ ဒီလို အညစ်အကြေးတွေ ရှိသလားဆိုတာကို စစ်ဆေးကြည့်ရမယ်။

http://www.dhammadownload.com



အဲဒီလို လုပ်လိုက်တဲ့အခါမှာ သဒ္ဓါတရားမရှိတဲ့ စိတ်နဲ့ သဒ္ဓါတရားရှိလာတဲ့အခါမှာ ဖြစ်တဲ့စိတ်ဟာ အလွန်ကွာခြားတာကို တွေ့ရမယ်၊ သဒ္ဓါတရား ဖြစ်လာတဲ့အခါမှာ လှူဖို့တန်းဖို့ စိတ်ကူးလာတယ်၊ သီလဆောက်တည်ဖို့ စိတ်ကူးလာတယ်၊ တရား အားထုတ်ဖို့ စိတ်ဝင်စားလာတယ်၊ သဒ္ဓါတရား ရှိလာလို့ စိတ်ကြည်လင်နေတာနဲ့တပြိုင်နက် အိမ်ရဲ့ ဘုရားခန်းမှာ ဘုရားပန်းတွေ နွမ်းနေသလား၊ သောက်ရေချမ်းတော်တွေမှ ရှိရဲ့လား စသည်ဖြင့် ဘုရားခန်းကို ကြည့်လာတယ်၊ သဒ္ဓါတရား ဝင်လာ တာနဲ့ တပြိုင်နက် ဘုရားခန်းကို ကြည့်လာတယ်၊ ကြည့်ပြီးတော့ သန့်ရှင်းရေးတွေ လုပ်လာတယ်၊ ရေကြည်တော်တွေကပ်တယ်၊ ပန်းလှူတယ်၊ ဟော- ကုသိုလ်ကောင်းမှုတွေ လုပ်လာတယ်၊ အကယ်၍ သဒ္ဓါတရား မရှိဘူးဆိုရင်တော့ ဘုရားခန်းကို လှည့်

http://www.dhammadownload.com



တောင်မှ မကြည့်ဖြစ်ပါဘူး၊ ကုသိုလ်ကောင်းမှုတွေကို မလုပ်ဖြစ်တော့ဘူးနော်။

## သဒ္ဓါဟာ လက်နဲ့တူတယ်

သဒ္ဓါတရား ဖြစ်တဲ့အချိန်နဲ့ မဖြစ်တဲ့အချိန်ဟာ သိပ်ကိုကွာခြားလွန်းပါတယ်၊ အဲဒါကို ကြည့်ခြင်းဖြင့် ကိုယ့်မှာ သဒ္ဓါတရား ရှိသလား မရှိဘူးလား ဆိုတာကို သိနိုင်ပါတယ်၊ ဒီသဒ္ဓါဆိုတဲ့ ဥစ္စာဟာ အင်မတန်မှ အရေးပါတယ်တဲ့၊ ဘာဖြစ်လို့တုန်းဆိုတော့ ဘုန်းကြီးတို့ စာပေကျမ်းဂန်မှာ သဒ္ဓါကို လက်နဲ့တူတယ်လို့ဆိုထားပါတယ်၊ ပေးစရာရှိလည်း လက်ပါရတယ်၊ ယူစရာရှိလည်း လက်ပါရတယ်၊ လက်မရှိရင် ယူလို့မရသလို ပေးလို့လည်း မရပါဘူး၊ ရွှေငွေရတနာတွေကို တွေ့လို့ရှိရင်လည်း လက်မပါရင် မကောက်ယူနိုင်သလို သဒ္ဓါဆိုတဲ့ လက်ကလေးမှ

http://www.dhammadownload.com



မရှိရင် ဒါနလည်း မလုပ်ဖြစ်ဘူး၊ သီလလည်း မဆောက်တည်ဖြစ်ဘူး၊ ဘာဝနာဆိုတဲ့ ကုသိုလ်ရတနာကိုလည်း ရအောင်မယူနိုင်ဘူးလို့ ဆိုလိုတာနော်။ သဒ္ဓါဆိုတဲ့ ဒီတရားဟာ လက်နဲ့ အလားတူတယ်၊

သဒ္ဓါလက်ရှိတဲ့ ပုဂ္ဂိုလ်ဟာ လှူဖို့၊ တန်းဖို့ အဆင်သင့်ဖြစ်တယ်၊ ပေးကမ်းဖို့လည်း အဆင်သင့်ဖြစ်နေမယ်၊ သဒ္ဓါလက်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ တရားနာဖို့ တရားအားထုတ်ဖို့ အဆင်သင့်ဖြစ်တယ်၊ ကောင်းတာတွေလုပ်ဖို့ သဒ္ဓါလက်ရှိတဲ့ ပုဂ္ဂိုလ်ဟာ အားလုံးကို အဆင်သင့်ဖြစ်တယ်။

## သဒ္ဓါဟာ မျိုးစေ့နဲ့တူတယ်

နောက်တစ်ခုက သဒ္ဓါဟာ ဘာနဲ့တူသလဲ ဆိုရင် မျိုးစေ့နဲ့ အလားတူတယ်၊ ဘယ်လိုတူတာလဲ

http://www.dhammadownload.com



ဆိုတော့ မျိုးစေ့လေးဟာ အလုပ်(၂)ခုကိုလုပ်တယ်၊ ဆိုပါစို့ သရက်စေ့လေး တစ်စေ့ကို မြေကြီးထဲ ထည့်လိုက်မယ်ဆိုရင် သရက်စေ့လေးဟာ အောက်ကို အမြစ်ဆင်းသက်စေခြင်းဆိုတာ ဖြစ်စေသလို အပေါ်မှာ အညှောက်ထွက်ခြင်း ဆိုတာကိုလည်း လုပ်ဆောင်တယ်၊ အေး ဒါက မျိုးစေ့လေးက လုပ်ဆောင်ရတဲ့ အလုပ်နှစ်ခုဖြစ်တယ်၊

သဒ္ဓါတရား ဆိုတာလည်း ထို့အတူဘဲ၊ သဒ္ဓါတရားရှိလာတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ကျင့်တရား ကောင်းလာတယ်၊ အေး ကိုယ်ကျင့်တရား ကောင်းလာပြီဆိုရင် ကိုယ်ကျင့်တရားတွင် မကဘူး၊ သမထ, ဝိပဿနာ ကျင့်စဉ်တို့ကိုလည်း ကျင့်လာပြီ၊ ဩော်- သီလဆိုတဲ့ အမြစ်ကလေး ဆင်းလာပြီး သမထ, ဝိပဿနာဆိုတဲ့ အညွန့်ကလေး တက်လာတာဟာ သဒ္ဓါတရားကြောင့် ဖြစ်တာတဲ့၊ ဒါကြောင့်

http://www.dhammadownload.com



သဒ္ဒါဟာ မျိုးစေ့နဲ့တူတယ်လို့ စာပေကျမ်းဂန်မှာ ဆိုထားတယ်။

## နတ်တွေက ပိုသိတယ်

သဒ္ဒါရဲ့တန်ဘိုးကို လူတွေထက် နတ်တွေက ပိုသိတယ်၊ ဘာဖြစ်လို့ ပိုသိသလဲဆိုတော့ လူတွေက စီးပွားဥစ္စာကို ကြိုးစားပြီး ရှာကြရတယ်၊ ကိုယ့်ရဲ့ လုံ့လဝီရိယကြောင့် စီးပွားဥစ္စာတွေ တိုးတက်ကြတယ်ဆိုတော့ ကံ,ကံရဲ့အကျိုးကို သိပ်ပြီးမယုံကြည်ဘူး၊ သဒ္ဒါရဲ့စွမ်းအားကို သိပ်ပြီးမသိကြဘူး၊ နတ်တွေကျတော့ ကံ,ကံရဲ့အကျိုးကို သိပ်ပြီးယုံကြည်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာက လုပ်ကိုင်ပြီး စားရတဲ့ဘဝမှ မဟုတ်တာ၊ ကံ,ကံရဲ့အကျိုးကြောင့် ရလာတဲ့ ဘဝသာဖြစ်တယ်၊ အရာရာဟာ ကံပေါ်မှာ မူတည်နေတယ်၊ ကံမရှိရင် ဘာမှမရပါ

http://www.dhammadownload.com



ဘူး၊ လူ့ပြည်မှာလို အရောင်းအဝယ်လုပ်လို့မရဘူး၊ နတ်ပြည်မှာ ရွှေဆိုင်တွေဖွင့်လို့ရတာ မဟုတ်ဘူး၊ အဲဒီတော့ ကံပေးတာလေးဘဲ သူတို့တစ်တွေ ရကြတာနော်။

နတ်တွေက လူတွေနဲ့ မတူဘူး၊ ဖြစ်ပေါ်လာတဲ့ ဘဝတစ်ခုမှာ သူတို့ နတ်သက်တမ်း တစ်လျှောက်လုံး ဝတ်ထားတဲ့အဝတ်လည်း ဘယ်တော့မှ ဖွတ်ရတယ် မရှိဘူး၊ ပန်ထားတဲ့ပန်းကလည်း ဘယ်တော့မှ နွမ်းသွားတယ်မရှိဘူး၊ အို ပူလို့အိုက်လို့ ချွေးထွက်တာလည်းမရှိဘူး၊ အမြဲတမ်း သန့်ရှင်းသန့်ပြန့်နေတယ်၊ ဘယ်နတ်ပြည်မှာမှ ပေါင်ဒါတို့ ရေမွှေးတို့ ဆိုတာလည်း လိုမယ်မထင်ဘူး၊ သဘာဝကိုက သန့်ပြန့်နေတယ်၊

သို့သော် နတ်တွေဟာ ကံကုန်တော့မယ်ဆိုရင် ဝတ်ထားတဲ့အဝတ်တွေ နွမ်းလာတယ်၊ ပန်ထားတဲ့

http://www.dhammadownload.com



ပန်းတွေ ညှိုးလာတယ်၊ ခန္ဓာကိုယ်ဟာလည်း စိုစို ပြေပြေ မရှိတော့ဘဲ မွဲမွဲခြောက်ခြောက် ဖြစ်လာတယ်၊ ချိုင်းကြားကနေ ချွေးတွေဘာတွေ ထွက်လာတယ်၊ ဒါက သူတို့သေခါနီးပြီဆိုတဲ့ sign ပြတာလို့ ခေါ်တယ်၊ sign ပြလာလို့ **medical check up** သွားလုပ်မနေနဲ့တော့နော် မရတော့ဘူး၊ အဲဒီလို အခြေအနေတွေပေါ်လာတဲ့ နတ်တွေကို မိတ်ဆွေနတ်တွေက နန္ဒဝန်ဥယျာဉ်ထဲကို ဆွဲခေါ်သွားကြတယ်၊ ဆွဲခေါ်သွားပြီးတော့ စကား(၃)ခွန်း ပြောဆိုမှာကြားကြတယ်၊ 'အေး ဘာမှမစိုးရိမ်ပါနဲ့ ဒီဘဝက သေသွားလို့ရှိရင် အကောင်းဆုံးဘုံကို ရောက်အောင်သွားပါ၊ အကောင်းဆုံးဘုံကို ရောက်တဲ့အခါကျတော့ အကောင်းဆုံးလက်ဆောင်ကို ရအောင်ယူလာပါ၊ ရထားတဲ့ လာဘ်လာဘကို ခိုင်မာအောင်

http://www.dhammadownload.com



ကြိုးစားပါ' ဆိုတဲ့ စကား(၃)ခွန်းကို ပြောလိုက်ကြတယ်။

စကား(၃)ခွန်းရဲ့ အဓိပ္ပာယ်က ဘာလဲဆိုရင် အကောင်းဆုံးဘုံကို ရောက်အောင်သွားဆိုတာက လူ့ဘုံကို ရောက်အောင်သွားလို့ ပြောတာဖြစ်တယ်။ အကောင်းဆုံးလာဘ်ကို ရအောင်ယူဆိုတာ သဒ္ဓါတရားကို ပြောတာဖြစ်တယ်။ ခိုင်မာအောင် လုပ်ပါဆိုတာ အဲဒီရထားတဲ့ သဒ္ဓါတရားကို ခိုင်မာအောင် လုပ်ပါလို့ ဒီလိုဆိုလိုတာဖြစ်တယ်။

အဲဒီတော့ နတ်သားတစ်ယောက်၊ နတ်သမီးတစ်ယောက် စုတေခါနီးပြီဆိုရင် နန္ဒဝန်ဥယျာဉ်ကို ခေါ်သွားပြီးတော့ အဲဒီစကား(၃)ခွန်းကို မှာကြားကြပါတယ်၊ အဲဒါကြောင့် သဒ္ဓါစွမ်းအားရဲ့တန်ဘိုးကို သူတို့က ပိုသိကြတယ်၊ လူ့ပြည်ရဲ့တန်ဖိုးကို ပိုသိကြတယ်။

http://www.dhammadownload.com



လူ့ပြည်မှာ ဘုရားရှိတယ်၊ တရားရှိတယ် ကုသိုလ်ကောင်းမှုတွေ လုပ်နိုင်တယ်၊ ဘုရား၊ တရား၊ သံဃာ ရတနာ(၃)ပါး ရှိသည့်အတွက် ကြောင့် လူ့ပြည်မှာ ကုသိုလ်ကောင်းမှုလည်း ရှိတယ် တဲ့၊ နတ်ပြည်မှာကျတော့ အခွင့်အလမ်း သိပ်မသာ ဘူး၊ သီလဆောက်တည်ဖို့ ဆိုတာလည်း မသေချာ၊ သက်န်းကပ်လှူခြင်း၊ ဆွမ်းကျွေးခြင်း၊ ကျောင်း ဆောက်လှူခြင်း ဆိုတာတွေကိုလည်း လုပ်လို့မရဘူး၊ လူ့ပြည်မှာက ကုသိုလ်ကောင်းမှုတွေ အကုန်လုံး လုပ်နိုင်တယ်၊ ဒါကြောင့် သူတို့က လူ့ပြည်ကို သုဂတိ ဘုံလို့ ဒီလိုသတ်မှတ်တယ်။

လူ့ပြည်မှာ ကုသိုလ်ကောင်းမှုများများလုပ်လာ တဲ့ ပုဂ္ဂိုလ်သည် နတ်ပြည်ရောက်တဲ့အခါမှာ သာမန် ထက်ပိုပြီး ထူးခြားတဲ့စည်းစိမ်ခံစားရတယ်၊ ဒါကြောင့် သွားချင်ရင် ဘယ်မှမသွားပါနဲ့ လူ့ပြည်ကိုသွားပါ။

http://www.dhammadownload.com



သဒ္ဓါတရား ရှိလာပြီဆိုရင် ဒီ သဒ္ဓါစွမ်းအားကို အကြောင်းပြုပြီးတော့ ကုသိုလ်များများလုပ်ပါ၊ လုပ်ပြီးရင် တို့နတ်ပြည်ကို ပြန်လာပါလို့ ဒီလို ပြောတာနော်။

အေး လူ့ပြည်က လူတွေကတော့ လူ့ဘဝကို သိပ်ကြာတယ် ထင်တာကိုး၊ တွက်ကြည့်ပါလား တာဝတိံသာနတ်ပြည်မှာ (၁)ရက်ဟာ လူ့ပြည်မှာ နှစ်ပေါင်း(၁၀၀)ကြာတယ်၊ ကဲ ဘုန်းကြီးတို့ အခု နေကြတာဟာ တာဝတိံသာ နတ်ပြည်က (၁)ရက် တောင်မှ မရှိသေးဘူးနော်၊ နာရီပိုင်းလောက်ဘဲ ရှိသေးတယ်၊ ဒါကို ကြာလှပြီ ထင်နေကြတယ်၊ ဒီကလူတွေက အိုကုန်ပြီနော်၊ ဟိုမှာက (၁)ရက် တောင်မှမရှိသေးဘူး၊ အဲဒီလို လူ့ပြည်က ရက်ပေါင်း နဲ့ တွက်မယ်ဆိုရင် နတ်ပြည်မှာကနှစ်ပေါင်း(၁၀၀၀) လောက် အသက်ရှည်တယ်၊ အနှစ်(၁၀၀၀)ဆိုတာ

http://www.dhammadownload.com



လူပြည်က အနှစ်(၁၀၀၀)ကို ပြောတာမဟုတ်ဘူး၊ လူ့ပြည်နှစ်(၁၀၀)ကို (၁)ရက်နဲ့တွက်ယူတဲ့ အနှစ် (၁၀၀၀)ကို ပြောတာဖြစ်တယ်၊ အေး အဲဒီလို နတ်ပြည်မျိုးကို ဘာနဲ့ရနိုင်သလဲဆိုတော့ အခု ပြောတဲ့ သဒ္ဓါတရားနဲ့ ရနိုင်ပါတယ်၊ စိန်, ရွှေ, ငွေ တွေ လောကီဥစ္စာတွေနဲ့ ပေးဝယ်လို့ မရနိုင်ပါဘူး တဲ့၊ သဒ္ဓါဆိုတဲ့ဥစ္စာ ချမ်းသာလာပြီဆိုရင် အဲဒီလို နတ်ပြည်မျိုးကို ရနိုင်ပါတယ်၊ ဒါကြောင့်မို့ လောက မှာရှိတဲ့ ပိုက်ဆံတွေကို ကြည့်မယ်ဆိုရင် သူ့ရဲ့ သက်ဆိုင်ရာ နိုင်ငံမှာရှိတဲ့ ငွေကြေးခနတွေရဲ့ တန်ဖိုး မတူဘူးမဟုတ်လား၊ ကျောက်ဆိုရင်လည်း လမ်းခင်းတဲ့ကျောက်နဲ့ ပတ္တမြားကျောက်နဲ့ မတူဘူး မဟုတ်လား၊ တန်ဖိုးချင်း ကွာခြားတယ်၊ အဲဒီလိုပဲ ပကတိဥစ္စာနဲ့ ဟောဒီ မြတ်သောဥစ္စာဟာ အလွန် ကွာခြားတယ်၊ ကားကြီးနဲ့ လေးငါးစီးတိုက်ထားတဲ့

http://www.dhammadownload.com



လမ်းဘေးက ကျောက်တွေရဲ့ စုစုပေါင်းတန်ဖိုးဟာ စိန်ကလေးတစ်ပွင့်ရဲ့ တန်ဖိုးနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလွန်ကွာခြားနေတယ်၊ မတူဘူးနော်။

အေး ဒါကြောင့်မို့ ပကတိဥစ္စာတွေနဲ့ မိမိတို့ရဲ့ ရင်ထဲနှလုံးထဲမှာဖြစ်တဲ့ သဒ္ဓါလို့ဆိုတဲ့ မြတ်သောဥစ္စာ အလွန်ကွာခြားတယ်တဲ့၊ ဒါကြောင့် မြတ်စွာဘုရားက **'မြတ်သောဥစ္စာ စုဆောင်းပါ'** လို့ ပြောတာနော်။

## ဥစ္စာက ဖျက်ဆီးတတ်တယ်

ပကတိဥစ္စာတွေဟာ စုဆောင်းပြီးလို့ရှိရင် အသုံးမတတ်တဲ့ ပုဂ္ဂိုလ်မှာ ဘာဖြစ်တတ်သလဲဆိုတော့ **"ဟနန္တိ ဘောဂါ ဒုမ္မေဓံ** – အသိပညာမရှိတဲ့ ပုဂ္ဂိုလ်တွေကို စည်းစိမ်ဥစ္စာတွေက ဖျက်ဆီးတတ်တယ်"တဲ့၊ ပစ္စည်းဥစ္စာတွေ ရလာပြီဆိုရင်

http://www.dhammadownload.com



ထာဝရ စည်းစိမ်ကြီးလို့ထင်ပြီး ဝမ်းမြောက်နေကြတယ်၊ ထို လောကီဥစ္စာတွေရဲ့ မမြဲတဲ့သဘော၊ မခိုင်မာတဲ့သဘော မီးဖျက်လို့ ပျက်နိုင်တယ်၊ ရေဖျက်လို့လည်း ပျက်နိုင်တယ်၊ ရန်သူမျိုးငါးပါးနဲ့လည်း ဆက်ဆံနေတဲ့အကြောင်း၊ အဲဒီလို အကြောင်းအရာတွေကို မစဉ်းစားမိကြဘူး၊ မစဉ်းစားဘဲနဲ့ ပစ္စည်းဥစ္စာတွေအပေါ်မှာ တွယ်တာနေသည့်အတွက်ကြောင့်၊ အသုံးအစွဲ မတတ်သည့်အတွက်ကြောင့် ပစ္စည်းဥစ္စာကို အကြောင်းပြုပြီးတော့ ဒီဘဝမှာလည်း ဒုက္ခရောက်တတ်တယ်တဲ့။

**ဈေးသည်မကြီး (၄)ဦး**

ပစ္စည်းဥစ္စာကြောင့် ဒုက္ခရောက်ရတာတွေ အများကြီးရှိတယ်နော်။ ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါတုန်းက ရာဇဂြိုဟ်ပြည်မှာ ဈေးသည်မ

http://www.dhammadownload.com



ကြီး (၄)ယောက် ရှိသတဲ့၊ အဲဒီဈေးသည်မကြီး (၄)ဦးက အရောင်းအဝယ်လုပ်ပြီး ရသမျှတွေ အကုန် စုထားတယ်၊ မလှူရက် မတန်းရက် ခြိုးခြံ ချွေတာပြီးတော့ ပစ္စည်းဥစ္စာတွေ စုလိုက်တာ အများကြီး စုမိလာပါတယ်၊ အဲဒီ ဈေးသည် အမျိုးသမီးကြီး (၄)ယောက်ဟာ ကံကုန်လို့ သေဆုံးသွားတဲ့အခါမှာ သူတို့ရဲ့ ပစ္စည်းဥစ္စာတွေပေါ်မှာ တွယ်တာတဲ့စိတ်နဲ့ သေသွားကြတယ်၊ အဲဒီလို သေဆုံးသွားပြီး ဘာဖြစ်သလဲဆိုတော့ ပြိတ္တာမကြီးတွေ ဖြစ်သွားကြတယ်၊ သူတို့ရဲ့ ရှာဖွေသွားတဲ့ ပစ္စည်းတွေကို ဘယ်သူတွေက သုံးနေကြသလဲ ဆိုရင် နောက်အမွေခံတဲ့သူတွေက သုံးကြတယ်။

ပြိတ္တာဘုံကနေ လှမ်းကြည့်လိုက်တဲ့အခါမှာ စိတ်ဆင်းရဲစရာ ထပ်ပြီးကြုံရပြန်တယ်။ ‘အေးတို့တတွေကတော့ မစားရက်မသောက်ရက်နဲ့ ခြိုးခြံ

http://www.dhammadownload.com



ပြီး စုထားခဲ့ကြတယ်၊ အဲဒီပစ္စည်းတွေကို သူတို့ကတော့ သုံးစွဲနေကြပြီ' ဆိုပြီးတော့ ဆင်းရဲဒုက္ခရောက်နေကြတယ်၊ ငိုကြွေးနေကြတယ်ဆိုပြီးတော့ ပေတဝတ္ထုမှာပါတယ်၊ တကယ့်အဖြစ်ပျက်ပါနော်။

အေး ဒါကြောင့်မို့ မြတ်စွာဘုရားက သတိပေးထားတာ၊ **"ဟနန္တိ ဘောဂါ ဒုမ္မေဓံ–** စည်းစိမ်ဥစ္စာပစ္စည်းဆိုတာ အသိပညာမရှိတဲ့ ပုဂ္ဂိုလ်တွေကို ဖျက်ဆီးတတ်ကြတယ်၊ **နော စ ပါရဂဝေသိနော–** ဒါပေမယ့် ပစ္စည်းကို အသုံးပြုပြီး နိဗ္ဗာန်ချမ်းသာကို ရှာတတ်တဲ့ ပုဂ္ဂိုလ်တွေကိုတော့ မဖျက်ဆီးနိုင်ကြဘူး" တဲ့။

ပစ္စည်းဥစ္စာက လူတိုင်းကို ဖျက်ဆီးနိုင်သလားဆိုတော့-ဒုမ္မေဓံ တဲ့၊ စဉ်းစားဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်တွေကို ဖျက်ဆီးတာဖြစ်တယ်၊ စဉ်းစားဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုတော့ မဖျက်ဆီးနိုင်ပါဘူးတဲ့။

http://www.dhammadownload.com



အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေက 'အေး တို့တတွေ ရှာလာတဲ့ ပစ္စည်းဥစ္စာတွေကို သာသနာတော်ကြီးမှာ လှူမယ်'လို့ ရွေးချယ်ပြီးတော့ လှူဒါန်းကြတယ်၊ လှူပြီးတော့လည်း နိဗ္ဗာန်ကို ဆုတောင်းကြတယ်၊ ဟောဒါဟာ ပစ္စည်းဥစ္စာက ရလာတဲ့ အကျိုးအမြတ် ဖြစ်တယ်၊ စဉ်းစားဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ပစ္စည်းဥစ္စာက ဒုက္ခမပေးဘူး၊ ထိုပစ္စည်းဥစ္စာကို အကြောင်းပြုပြီးတော့ ကုသိုလ်ရကြတယ်၊ ထိုပစ္စည်းဥစ္စာတွေဟာ ဒုမ္မေဓ လို့ခေါ်တဲ့ စဉ်းစားဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်တွေကိုသာလျှင် ဆင်းရဲဒုက္ခ ရောက်စေပါတယ်။

သဒ္ဓါတရားရှိလာပြီဆိုရင်တော့ လောကမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကောင်းမှုတွေလုပ်ဖို့ စိတ်ဝင်စားလာကြတယ်၊ အေး ဒါကြောင့်မို့ သဒ္ဓါဆိုတဲ့ ဥစ္စာဟာ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် စိန်ကောင်း

http://www.dhammadownload.com



ကျောက်ကောင်းထက် တန်ဖိုးရှိတယ်၊ စိန်ကောင်း ကျောက်ကောင်းဟာ ဒီတစ်ဘဝပဲ သုံးစွဲလို့ရတယ်၊ နောင်ဘဝထိအောင် ထိုစိန်ကောင်း ကျောက်ကောင်းရဲ့ အကျိုးကျေးဇူးကို ခံစားရမှာမဟုတ်ဘူး၊ သဒ္ဓါဆိုတဲ့ ပစ္စည်းဥစ္စာကတော့ ဒီဘဝတွင် မဟုတ်ဘူး၊ ဘဝဆက်ဆက်ထိအောင် လိုက်ပြီးတော့ ချမ်းသာ သုခကို ရစေတာပါ။ ဒါကြောင့်မို့လို့ သဒ္ဓါဆိုတဲ့ ပစ္စည်းဥစ္စာမျိုးကို မိမိတို့ရဲ့ သန္တာန်မှာ ရအောင် ရှာဖွေကြရမယ်လို့ မြတ်စွာဘုရားက ဟောကြားတာနော်။

ကဲ တရားချစ်ခင် သူတော်စင် ပရိသတ်တို့၊ တို့ဒီကနေ့ရှာရမယ့် မြတ်သောဥစ္စာဆိုတာဟာ သဒ္ဓါလို့ ဒီလိုမှတ်လိုက်ပါ။ ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါးကို ယုံကြည်တာ၊ ကုသိုလ် ကောင်းမှုတွေကို စိတ်ဝင်စားလာတာကိုခေါ်တယ်၊ စိတ်ဝင်စား

http://www.dhammadownload.com



လာပြီဆိုရင် ကုသိုလ်ကောင်းမှုတွေကို လုပ်ဖြစ်တယ်။ နောက်တစ်ခုရှာရမယ့်ပစ္စည်းက ဘာပစ္စည်းလဲဆိုတော့ သီလဖြစ်တယ်။

## သီလ

နံပါတ်(၂) မြတ်သောဥစ္စာမှာ သီလဖြစ်တယ်၊ သီလဆိုတာ ကိုယ်ကျင့်တရားဘဲ၊ စည်းကမ်းဘောင်အတွင်းက ပြောဆိုခြင်းနှင့် ပြုလုပ်ခြင်းလို့ဆိုရမယ်၊ သဒ္ဓါရှိရင် သီလလည်း ရှိတတ်တာမို့လို့ မြတ်စွာဘုရားကဆက်ဟောတာ၊ ကိုယ်ကျင့်တရား ကောင်းလာရင် ပစ္စည်းဥစ္စာလည်းပဲ ထိုပုဂ္ဂိုလ်ထံမှာ မြဲလာမယ်၊ ပစ္စည်းဥစ္စာ ချမ်းသာသော်လည်းပဲ ကိုယ်ကျင့်တရား မကောင်းဘူးဆိုရင်တော့ ထိုပစ္စည်းဥစ္စာတွေဟာ အဲဒီပုဂ္ဂိုလ်ထံမှာ မမြဲတတ်ဘူး၊ ကိုယ်ကျင့်တရား

http://www.dhammadownload.com



ပျက်ပြားတဲ့ပုဂ္ဂိုလ်ဟာ စီးပွါးဥစ္စာ ပျက်ပြားသွားတယ် ဆိုတာ လောကမှာ မြင်တွေ့နိုင်တယ်။

## ငါးပါးသီလ

ကိုယ်ကျင့်တရားဆိုတဲ့ နေရာမှာ လူတွေမှာ ဘာအရေးကြီးသလဲဆိုရင် ငါးပါးသီလပေါ့၊ တစ်ချို့က ငါးပါးသီလကို တစ်ပါးလောက်စောင့်ရင် ပြီးတယ်၊ နှစ်ပါးလောက်စောင့်ရင် ပြီးတယ်၊ ဒီလို ထင်ကြတယ်၊ မဟုတ်ဘူး။ ငါးပါးသီလဟာ တစ်ပါးမှ လျှော့စရာမရှိဘူးနော်၊ အားလုံးပြည့်စုံအောင် စောင့်နိုင်ရင်စောင့်၊ မစောင့်နိုင်ဘဲ တစ်ပါးသီလ နှစ်ပါးသီလတို့ ဆိုရင်တော့ ကျန်တဲ့ဥစ္စာတွေက ဒုက္ခပေးမှာ သေချာတယ်။

ငါးပါးသီလကို **ဝါရိတ္တသီလ**လို့ ခေါ်တယ်၊ **ဝါရိတ္တသီလ**ဆိုတာ တားမြစ်ထားတာ၊ မလုပ်ရဘူး။

http://www.dhammadownload.com



ဘာဖြစ်လို့ မလုပ်ရတာလဲဆိုတော့ စဉ်းစားကြည့်ပေါ့၊ မီးကိုကိုင်ရင် မပူဘူးလား၊ ပူမှာပေါ့၊ ဘယ်သူကိုင်ကိုင် ပူမှာဘဲ။ ထို့အတူဘဲ ငါးပါးသီလကို လွန်ကျူးရင်တော့ ဘယ်သီလကိုပဲ ကျူးလွန်ကျူးလွန်၊ ထိုသီလကို ကျူးလွန်တဲ့အပြစ်ကို ခံရမှာပဲ၊ ငါးပါးသီလနဲ့ ပတ်သက်ပြီးတော့ လူတိုင်းသိကြပါတယ်၊ ခုနကတင်ဘဲ ငါးပါးသီလ ဆောက်တည်ပြီးပြီ။

**'ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ'** ဆိုတာ သူများအသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏တဲ့၊ သူများအသက်ကို သတ်ခြင်းမှ ရှောင်ရုံနဲ့ ပြီးရောလားဆိုတော့ မပြီးသေးဘူးနော်၊ ရှောင်ရုံရှောင်တယ်ဆိုတာ အဆင်မပြေရင် မရှောင်ဘူးဆိုတာ ရှိလာဦးမယ်၊ ရှောင်ကြဉ်တယ်ဆိုတာ မလုပ်သင့်တာကို မလုပ်ခြင်းဖြစ်တယ်၊ လုပ်သင့်

http://www.dhammadownload.com



တာက ဘာလဲဆိုတော့ သင်္ဃာဝါတွေကို သတ်ဖို့ဆိုတဲ့ ဓား,တုတ်တွေ ကိုယ့်အိမ်မှာ မထားရဘူးတဲ့။

ဘုန်းကြီးတို့ အမေရိကမှာ နေတုန်းက အမေရိကက ဗမာ ဒကာတစ်ယောက် ဘုန်းကြီးတို့ကို ဆွမ်းစားလာပင့်တယ်၊ သူ့ရဲ့ကားနဲ့ပေါ့၊ ကားတံခါးဖွင့်ပြီး ကားပေါ်တက်တယ်၊ ဘုန်းကြီးတို့ ထိုင်တဲ့ ခုံရှေ့က အဖုံးလေးကို အဲဒီဒကာက ဖွင့်လိုက်တော့ ဒေါက်ကနဲ ခြောက်လုံးပြူးသေနတ်ကလေး ဘုန်းကြီးခြေထောက်နား ကျလာတယ်၊ သူက အားနာသွားပြီး ဘယ်လိုလျှောက်တုန်းဆိုတော့ 'အရှင်ဘုရား ဒီနိုင်ငံမှာတော့ ဒါလေးကို ဆောင်ထားရတယ်၊ ဒါလေးမရှိရင် မဖြစ်ဘူးဘုရား' တဲ့၊ သဘောကတော့ ကိုယ့်ကိုလာပြီး မလုပ်ရင်တော့ **ပါဏာတိပါတ** က ရှောင်မယ်၊ လာလုပ်မယ်ဆိုရင်တော့လည်း **ပါဏာတိပါတ** နဲ့ ကိုယ်ကို

http://www.dhammadownload.com



ကာကွယ်ရမယ်ပေါ့။

အေး မြတ်စွာဘုရားကတော့ ဒီလိုမဟုတ်ဘူး၊ သူတစ်ပါးကို သတ်ဖို့ရာ လက်နက်ဆိုတာ ထားကို မထားနဲ့တဲ့၊ ဒါတင်မကဘူး မြတ်စွာဘုရားက သတ္တဝါတွေကို သေစေလိုတဲ့စိတ်နဲ့ သတ်ဖြတ်မှုကို ရှက်တတ်ရမယ်၊ ကိုယ့်လာသတ်ရင်လည်း သူ့ကို ပြန်မသတ်ရဘူး၊ သတ္တဝါတွေရဲ့ အသက်ကို သတ်ခြင်းဆိုတာကို ရှက်စရာလို့ မြင်ရမယ်၊ သတ္တဝါတွေအပေါ်မှာ မေတ္တာတရား အကြင်နာ တရား ထားရမယ်၊ အေး သီလလုံတယ်ဆိုတာ အဲဒါတွေ အကုန်လုံး ပြည့်စုံမှုဖြစ်တာကို ပြောတာ နော်။

ကဲ နောက်တစ်ခု **အဒိန္နာဒါန**–ဆိုတာ သူများ ပစ္စည်း မခိုးဘူး၊ ဒါတင်မပြီးသေးဘူး၊ သူများပေးတာ နဲ့သာ ကျေနပ်တယ်၊ ပေးတာကိုသာ ကြိုက်တယ်၊

http://www.dhammadownload.com



သူများပစ္စည်းကို သိ၍ဖြစ်စေ၊ မသိဘဲဖြစ်စေ လုံးဝ မယူဘူး၊ အဲဒါမှသာ **အဒိန္နာဒါန** လုံတယ်လို့ ခေါ်တယ်၊ လုံးဝကို သန့်ရှင်းရမယ်။

**ကာမေသု မိစ္ဆာစာရ**နဲ့ ပတ်သက်ရင် အမျိုးသား တွေ အတွက်ကတော့ အမျိုးသမီး(၂၀)နဲ့ လုံးဝ မလွန်ကျူးရဘူး၊ အမျိုးသမီးတွေ အတွက်ကတော့ ကိုယ့်ရဲ့ အိမ်ထောင်ဘက် ခင်ပွန်းကလွဲပြီး မလွန် ကျူးရဘူး၊ ဒါကတော့ ထင်ထင်ရှားရှား ရှိတယ်နော်၊ စည်းကမ်းချက် သတ်မှတ်ထားတဲ့အတိုင်းဖြစ်တယ်၊ အခြားသူဆိုရင် စိတ်နဲ့တောင်မှ မပြစ်မှားရဘူး ဆိုတာအထိမှ လုံခြုံတယ်လို့ခေါ်တယ်။

**မုသာဝါဒ** ဆိုတာ လိမ်မပြောဘူး၊ ဒါပေမယ့် မှန်တာကိုမပြောဘူး ဆိုရင်တော့ မပြည့်စုံသေးဘူး၊ မလိမ်ဘူး၊ မှန်တာကိုသာ ပြောတယ်ဆိုမှ ပြည့်စုံ တယ်။ **သစ္စဝါဒီ** – မှန်တဲ့စကားကို ပြောရမယ်၊

http://www.dhammadownload.com



**သစ္စသဗ္ဗော**– ရှေ့စကားလည်း မှန်ရမယ်၊ နောက်စကားလည်း မှန်ရမယ်၊ အေး ဒီနေ့တော့ မှန်တာပြောတယ်၊ နောက်တစ်နေ့ကျတော့ လိမ်ပြောတယ်၊ ဒါမျိုးကလည်း မဟုတ်သေးဘူးနော်၊ အမြဲတမ်း အမှန်ချည်းဘဲ ပြောရမယ်၊ စိတ်ချယုံကြည်ရတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်၊ **အဝိသံဝါဒကော လောကဿ**– လောကကြီးကို ဘယ်တော့မှ လွဲချော်အောင် မလုပ်ရဘူး၊ ပတ်ဝန်းကျင်က ဒီလူဟာ ဘယ်တော့မှ မဟုတ်တာ မမှန်တာ မပြောဘူးဆိုပြီး လုံးဝယုံကြည်ရတဲ့ သူမျိုးဖြစ်အောင် လုပ်ရမယ်၊ အဲဒီတော့မှ မုသာဝါဒ သိက္ခာပုဒ်ဟာ ပြည့်စုံတယ်။

**သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ**–ဒီ သိက္ခာပုဒ်ကို စောင့်ထိန်းတဲ့ နေရာမှာလည်း ခြွင်းချက် မရှိစေရဘူး၊ တစ်ချို့ကတော့ ဆေးဖြစ် ဝါးဖြစ်လေး ဆိုပြီးတော့ သောက်ချင်ကြသေးတယ်၊

http://www.dhammadownload.com



ခန္ဓာကိုယ်နဲ့ ဦးနှောက်ကို ထိခိုက်စေနိုင်တယ်တဲ့၊ မူးယစ်ဆေးဝါးကို သုံးစွဲရာမှာ မိမိရော သူတစ်ပါးရော မိမိ သူတစ်ပါး နှစ်ဦးစလုံးကိုရော ထိခိုက်စေမယ်ဆိုရင် အပြစ်ရှိတယ်လို့ သတ်မှတ်ရမယ်။ တစ်ချို့က ပြောကြတယ် သူများကို မထိခိုက်ဘူးဆိုရင် ဘာမှ မဖြစ်ပါဘူးတဲ့၊ ကိုယ့်ကိုယ်ကို ထိခိုက်နေတာကို မသိလို့ပါ။ သေရည်သေရက်ဟာ သုံးစွဲသူတွေမှာ သွေးမှတစ်ဆင့် ခန္ဓာကိုယ်ထဲရှိ ဦးနှောက်စတဲ့ အစိတ်အပိုင်းတွေထဲကို ရောက်သွားပြီဆိုရင် စိတ်တွေဟာ ထိုင်းမှိုင်းလာပြီး ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ဖို့ မေ့လျော့လာမယ်။ ပညာ ဉာဏ်စွာ စီးပွားဆိုတဲ့ အကျိုးတွေကို ဆုတ်ယုတ်လာစေတယ်၊ ဒါကြောင့်မို့ သုရာမေရယဆိုတဲ့ မူးယစ်နဲ့ ပတ်သက်တဲ့ အရာတွေကို ရှောင်ကြဉ်တာဟာ အကောင်းဆုံးပါပဲ။

http://www.dhammadownload.com



သောတာပန်တွေကျတော့ မူးယစ်ဆေးဝါး မှန်သမျှ အားလုံးကို လုံးဝ ရှောင်ကြဉ်လိုက်နိုင်ပြီ၊ အရက်နဲ့ရေ ရောတိုက်ရင်တောင်မှ ရေဘဲဝင်ပြီး အရက်လုံးဝမဝင်ဘူးလို့ အဆိုရှိတယ်၊ သောတာပန် ဖြစ်ရင် မူးယစ်ဆေးဝါးဆိုတာကို လုံးဝ ရှောင်ကြဉ် နိုင်ကြပြီ။ အဲဒီလို ငါးပါးသီလနဲ့ပြည့်စုံရင် မြတ်သော ဥစ္စာတစ်မျိုး ကိုယ့်မှာပြည့်စုံတာဖြစ်တယ်။

လောကမှာ သီလကို ဘာနဲ့ ဥပမာပေးထား သလဲဆိုရင် သိင်္ဂီရွှေခွက်နဲ့ ဥပမာပေးထားတယ်၊ တန်ဖိုးရှိတဲ့ ခြင်္သေ့ဆီဟာ သိင်္ဂီရွှေခွက်ထဲမှာ တည်နိုင်သလို လူတွေရဲ့ သန္တာန်မှာရှိတဲ့ ကုသိုလ် တရားတွေဟာ သီလလို့ဆိုတဲ့ ရွှေခွက်နဲ့ ခံထားမှ သာလျှင် တည်နိုင်တယ်၊ သီလပျက်တာနဲ့ တစ်ပြိုင် နက် ကုသိုလ်တရားတွေအားလုံး ပျက်တာပါပဲ၊ အေး ဒါကြောင့် ကုသိုလ်တွေ အားလုံးရဲ့ တည်ရာ

http://www.dhammadownload.com



မှီရာဟာ သီလ ဖြစ်တယ်လို့ စာပေကျမ်းဂန်တွေမှာ ဆိုထားတယ်နော်။

လူ့အရည်သွေးတွေ အားလုံးဟာ သီလပေါ်မှာပဲ မှီတည်နေတယ်၊ သီလပျက်တာနဲ့ တစ်ပြိုင်နက် လူ့ရဲ့အရည်သွေးတွေ အားလုံးဟာ သွားရောပါပဲ၊ ဒါကြောင့်မို့ သီလဆိုတဲ့ ပစ္စည်းဥစ္စာဟာ လူသားတွေရဲ့သန္တာန်မှာ ရှိထားရမယ့် မြတ်သော ဥစ္စာတစ်ခု ဖြစ်တယ်။

## ဟိရီ

နောက်ပြီး စုဆောင်းထားရဦးမယ့် ဥစ္စာတစ်ခုက ဟိရီဖြစ်တယ်၊ ဟိရီ ဆိုတာဟာ မကောင်းမှုပြုလုပ်ခြင်းကို ရွံရှာတာ၊ မကောင်းမှု လုပ်ရမှာကို ရှက်တာဟာ ဟိရီ၊ အဲဒီလို မကောင်းမှုလုပ်ရမှာ ရှက်တာက ကိုယ့်ကိုယ်ကို လေးစားလို့ ဖြစ်တယ်။

http://www.dhammadownload.com



## သြတ္တပ္ပ

နောက်တစ်ခုက သြတ္တပ္ပ၊ သြတ္တပ္ပဆိုတာ မကောင်းမှုလုပ်ရမှာကို ကြောက်တာဖြစ်တယ်၊ ကြောက်တာဟာ ပတ်ဝန်းကျင်ကို လေးစားတာသာ ဖြစ်တယ်။

အဲဒီ ဟိရီသြတ္တပ္ပ ၂-ခုဟာ အကုသိုလ်ကို ရှောင်ကြဉ်ဖို့ရာအတွက် အကောင်းဆုံး လက်နက်၊ အကောင်းဆုံး သဘာဝတရား ၂-မျိုး ဖြစ်တယ်၊ အရှက်နဲ့အကြောက် ဒီတရား ၂-ခု မရှိတော့ဘူး ဆိုရင်တော့ မိမိရဲ့ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်တော့တာမျိုး ဖြစ်သွားမယ်။ **I dont care** ဆိုတာမျိုး မလုပ်ရဘူး၊ ကိုယ့်မိသားစု ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို **care** လုပ်ရမယ်။

**ဟိရီ** သြတ္တပ္ပ တရား ၂-ခုလုံးရှိမှသာ လူ့လောကကြီးကို လူနဲ့တူအောင် ထားနိုင်မယ်၊ အဲဒါ

http://www.dhammadownload.com



ကြောင့် ဟိရီ ဩတ္တပ္ပ ကို လောကပါလတရားလို့ သတ်မှတ်ထားတယ်၊ မကောင်းမှုကို ရှက်တာက ဟိရီ၊ ပတ်ဝန်းကျင်ကို လေးစားတာက ဩတ္တပ္ပ တရား၊ အဲဒီ ၂-ခုဟာ လူတော်လူကောင်း ဖြစ်ဖို့ရာ အတွက် မြတ်သောဥစ္စာတစ်မျိုး ဖြစ်တယ်။

## သုတ

နောက်တစ်ခုက **သုတ**၊ **သုတ** ဟာ လောက လူသားတွေအတွက် သိပ်ပြီးတော့ အရေးပါပါတယ်၊ ပညာဗဟုသုတတွေကို လေ့လာဆည်းပူးကြရမယ်၊ လူတွေဟာ ပိုက်ဆံဘယ်လောက်ပဲရှိရှိ အသိဉာဏ် မရှိရင် ပကတိဥစ္စာတွေ မတည်မြဲနိုင်ပါဘူး။ ငယ်စဉ် တောင်ကျေး ကလေးဘဝကတည်းက အသိဉာဏ် တွေကို ဆည်းပူးကြရတယ်၊ အခုလို တရားနာ လာနေကြတာဟာ အသိဉာဏ်တွေကို စုဆောင်း

http://www.dhammadownload.com



တာပါပဲ၊ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားတော်တွေကို တပည့် သံဃာတော်တွေကတဆင့် ပြန်လည်ဟောပြောတာ ဖြစ်တယ်။

တရားနာပြီးတော့ စဉ်းစားလာကြတယ်။ ဘယ်ဆရာတော်ကဖြင့် ဘယ်လိုဟောပြထားတယ်၊ လောကရေးရာနဲ့ ပတ်သက်ပြီးတော့ လမ်းညွှန်မှုတွေကို ရလာတယ်ပေါ့၊ ဒါကြောင့် **သုတ** ဟာ လောကအတွက် စုဆောင်းထားသင့်တဲ့၊ စုဆောင်းထားရမယ့် မြတ်သောဥစ္စာတစ်ခု ဖြစ်တယ်။

**စာဂ**

နောက်တစ်ခုက **စာဂ**၊ **စာဂ** ဆိုတဲ့ စွန့်လွှတ်မှုကို ပိုင်ဆိုင်ထားရမယ်၊ ပေးကမ်းမှု စွန့်ကြဲမှုဆိုတာ ရှိရမယ်၊ ကိုယ့်တစ်ယောက်ထဲအတွက် မဟုတ်ဘဲ **share** လုပ်ရမယ်၊ ကိုယ့်မိသားစု ကိုယ့်ပတ်ဝန်းကျင်

http://www.dhammadownload.com



ကို မိမိပိုင်ဆိုင်တာလေးတွေ **share** ပြန်လုပ်ပေးရမယ်၊ ထောက်ပံ့ကူညီတာဟာလည်း လောကကို အကျိုးပြုတဲ့အတွက် မရှိမဖြစ်တဲ့ ဥစ္စာတစ်ခု ဖြစ်တယ်။

လောကကြီးက အားကိုးအားထား ပြုကြရတဲ့ ပုဂ္ဂိုလ်တွေဟာ **စာဂ** ရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ လူ့လောကမှာ **စာဂ** ရှိမယ်ဆိုရင် အဲဒီလူရဲ့ အရည်အသွေးဟာ မြင့်မားလာတော့တာပါပဲ၊ လောကကြီးကို အကျိုးပြုတဲ့ **စာဂ** တရားရှိမယ်ဆိုရင် လောကကြီးမှာ အားကိုးအားထားပြုစရာတစ်ခု ရှိလာမှာ ဖြစ်တယ်၊ ဒါကြောင့် **စာဂ** ဆိုတဲ့ သဘာဝတရားဟာ လောကကြီးရဲ့ မြတ်သောဥစ္စာတစ်ခုပါ။

http://www.dhammadownload.com



**ပညာ**

နောက်တစ်ခုက ပညာ၊ ပညာဆိုတာကတော့ ဗုဒ္ဓမြတ်စွာက လောကကြီးမှာ လိုအပ်တဲ့ပညာကို ဟောထားတာရှိတယ်၊ အမြင့်ဆုံးပညာဟာ ဘာလဲ။ ပညာဟူသည်မှာ အကောင်းအဆိုး၊ အကြောင်း အကျိုး လုပ်သင့်မလုပ်သင့် စတာတွေကို ခွဲခြား သိတာကို ပညာလို့ခေါ်တယ်၊ သင်ထားတဲ့ ပညာ ဟာ သညာအဆင့်ဘဲ ရှိသေးတယ်၊ အဲဒီအပေါ် မှာမှ အကောင်း အဆိုး ခွဲခြားသိတာမှ ပညာ ဖြစ်တယ်၊ သင်ယူထားတဲ့ အချက်တွေပေါ်မှာ ဆင်ခြင်သုံးသပ်တယ်၊ လက်တွေ့လုပ်တယ်၊ ဒါကို ပညာလို့ ခေါ်ရမယ်။ “**ပဏ္ဍာရေန ဇာနာတီတိ ပညာ**”တဲ့။

လူ့လောကမှာ လူရယ်လို့ ဖြစ်လာတဲ့အခါမှာ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနဲ့ ကြုံတွေ့တဲ့

http://www.dhammadownload.com



အချိန်မှာ တကယ့်ကို ရရှိရမယ့် ပညာကတော့ ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ သဘာဝတရားကို သိစွမ်းနိုင်တဲ့ ဝိပဿနာ ပညာမျိုး ဖြစ်တယ်၊ ဘဝဆိုတာ ရုပ်တရား နာမ်တရား ၂-မျိုးနဲ့ တည်ဆောက်ထားတာ ဖြစ်တယ်။ ထိုရုပ်တရား နာမ်တရား ၂-မျိုးစလုံးဟာ အကြောင်းကို မှီပြီးတော့ ပြောင်းလွဲနေကြတယ်၊ မြဲတဲ့အရာတွေ မဟုတ်ဘူးဆိုတာကို သိလာတယ်၊ အဲဒီလို သိလာတာကို ဝိပဿနာပညာလို့ ခေါ်တယ်။

ဝိပဿနာပညာ မိမိရဲ့သန္တာန်မှာ ရှိမထားဘူးဆိုရင်တော့ အတွယ်အတာကို မဖြုတ်နိုင်ဘူး၊ အတွယ်အတာကို မဖြုတ်နိုင်သေးသမျှ သံသရာလည်နေဦးမှာ ဖြစ်တယ်၊ ဘဝကို တွယ်တာရင် သံသရာလည်နေမှာ ဖြစ်တယ်။

http://www.dhammadownload.com



## သူရဲခြောက်တဲ့အိမ်

ဘုန်းကြီးတို့ ၁၉၈၉ ခုနှစ်လောက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့က သူဌေးအိမ် တစ်အိမ်ကို ရောက်တယ်၊ ဘုန်းကြီးတို့ကို အဲဒီ အိမ်မှာ ကျောင်းအဖြစ် သီတင်းသုံးဖို့ဆိုပြီး လိုက်ပို့ကြတယ်၊ အဲဒီ အိမ်မှာ လူမနေဘူး၊ **TV** ရှိတယ်၊ **Phone** ရှိတယ်၊ ပရိဘောဂအားလုံး အဆင်သင့် ရှိတယ်၊ ကြည့်လိုက်တော့လည်း လူတစ်ယောက်မှ မနေဘူး၊ လူတစ်ယောက်မှ မရှိဘူး၊ ဘုန်းကြီးစိတ်ထဲ မှာတော့ 'သူရဲခြောက်တဲ့အိမ်များ ဖြစ်နေမလား' ဆိုပြီး တွေးထင်မိနေတယ်။

ဘုန်းကြီးတို့ နီပေါဘုန်းကြီးတစ်ပါးနှင့်အတူ ၂-ပါးပါ။ ညကျတော့ ဂျပန်လူမျိုးတစ်ယောက်နဲ့ တရုတ်လူမျိုးတစ်ယောက် ရောက်လာပြီး တရား ဆွေးနွေးကြတယ်ပေါ့၊ ပြီးတော့ သူတို့ ၂-ယောက်နဲ့

http://www.dhammadownload.com



အတူ ညဥ့်နက်မှ အိပ်ရာဝင်ကြတယ်၊ ဘုန်းကြီးတို့ ၂-ပါးလည်း သတိထားပြီး ကျိန်းကြတယ်၊ ဘာမှ တော့ မတွေ့ပါဘူး၊ မနက် ၄ နာရီ ၅ နာရီလောက် မှာ ဘုန်းကြီး အိပ်ရာကနိုးတယ်၊ ဒီအချိန်ဆိုရင် နိုးနေကျ ပုံမှန်ဖြစ်နေပြီး အိပ်ရာက ထပြီးတော့ မျက်နှာသစ် ကိုယ်လက်သန့်စင်ဖို့ရာ အခန်းနဲ့ တွဲလျက်ရှိတဲ့ ရေချိုးခန်းဆီသွားပြီး မျက်နှာသစ် တယ်၊ ပြန်ထွက်လာတဲ့အခါမှာတော့ ဘုန်းကြီးက တံခါးကို ဒီအတိုင်း ဖွင့်ထားခဲ့တာ၊ ဒါပေမယ့် တံခါး ဟာ တစ်ယောက်က လာပြီးတော့ ပိတ်သလိုမျိုး ပိတ်သွားတယ်၊ အတွင်းကနေ lock ပါ ချထားလိုက် တယ်၊ အဲဒါနဲ့ဘဲ ဘုန်းကြီးတို့လည်း ညက ရှာတွေ့ ထားတဲ့ သော့တွဲလိုက်ရှာပြီး ဖွင့်ကြရတယ်။

အဲဒါနဲ့ မနက်ရောက်တော့ အဲဒီမြို့ခံလူတွေ ရောက်လာကြတယ်၊ ဘုန်းဘုန်းတို့ ညက ဘာဖြစ်

http://www.dhammadownload.com



သေးလဲဆိုတော့ ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် ဒီအိမ်မှာ တစ်ယောက်ယောက် သေသွားတာရှိသလားလို့ မေးတော့ မကြာခင်တုန်းက အိမ်ရှင်ယောက်ျား ဆုံးသွားတယ်၊ အဲဒါ မကျွတ်ဘဲ ညညဆိုရင် ခြောက်လှန့်လို့ သူ့အိမ်က မိသားစုတွေက မနေရဲကြတော့လို့ တစ်ခြား ပြောင်းနေကြတယ်၊ ဒီအိမ်ကိုတော့ ဒီအတိုင်း ပိတ်ထားလိုက်ကြတယ်၊ ဘုန်းကြီးတွေ ကြွလာတဲ့အခါမှ တည်းခိုဖို့ စီစဉ်ထားတာတဲ့။ အိမ်နံပါတ်တောင်မှ မှတ်မိပါသေးတယ်၊ **NO.75-**တဲ့၊ ဒီလိုအိမ်မှာ တစ္ဆေသူရဲ ဖြစ်တာဟာ အတွယ်အတာကြောင့် ဖြစ်ရတာနော်၊ ဒါက နိုင်ငံခြားမှ အတွေ့အကြုံတစ်ခုပေါ့။

http://www.dhammadownload.com



**သူရဲခြောက်တဲ့ တိုက်ခန်း**

နောက်တစ်ခုက မြန်မာနိုင်ငံမှာ ကြုံတွေ့ရတာလေးပေါ့၊ ဘုန်းကြီးတို့ ဗုဒ္ဓတက္ကသိုလ်အနီးမှာ **Junction 8.** ဆိုတာရှိတယ်၊ အဲဒီအဆောက်အဦးကြီးရဲ့ ၇-လွှာက ညညကျရင် စားပွဲတွေ ခုံတွေ ရွှေ့တာကို ဆူဆူညံညံ ကြားကြရတယ်၊ အဲဒီအထပ်က နေ့ဘက်မှာ **computer** ဆိုင်ဖွင့်တယ်၊ ညဘက်တော့ အဲဒီအခန်းမှာ ဘယ်သူမှ မနေဘူးတဲ့၊ ဒါနဲ့ ဘုန်းကြီးတို့ကို လာပင့်တော့ ဘုန်းကြီးတို့က မေးတာပေါ့၊ အဲဒီအခန်းက ဝန်ထမ်းတွေ ဘာတွေများ သေတာ ရှိသလားဆိုတော့ လွန်ခဲ့တဲ့ လကတော့ ဝန်ထမ်း ကားသမားတစ်ယောက် သေသွားတယ် ပြောတယ်၊ ဒါနဲ့ ဘုန်းကြီးတို့လည်း ညနေအချိန် ကြွသွားကြတယ်၊ ဘုန်းကြီး ၅-ပါး သွားကြတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ ပရိတ်ရွတ်မှာဆိုတော့ ပရိတ်မရွတ်ခင် အဲဒီအခန်းမှာရှိတဲ့ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ပြီးတော့ 'ငါတို့က ပရိတ်ရွတ်တော့မယ်၊ မရွတ်ဖတ်ခင်မှာ မင်းတို့အတွက် အလှူအတန်းလုပ်ပြီး အမျှဝေမယ်၊ အမျှရကြပြီဆိုရင် သင့်တော်တဲ့ အရပ်ကို ရွှေ့ပြောင်းကြပါ' လို့ ပြောလိုက်တယ်၊ အဲဒီလိုပြောပြီး အမျှဝေလိုက်တယ်၊ ပြီးတော့ ပရိတ်ရွတ်ဖတ်ကြတယ်၊ ပရိတ်ရေ ပက်ဖြန်းကြတယ်၊ အဲဒီညကစပြီး ဘာသံမှ မကြားရတော့ဘူးတဲ့၊ အဲဒါဟာ ဘုန်းကြီးတို့ ကြုံတွေ့ရတဲ့ သရဲအကြောင်းပေါ့။ အဲဒီတုန်းက ဘုန်းကြီးတို့ကို ဆန်တစ်အိတ်နဲ့ သင်္ကန်းတစ်စုံ လှူလိုက်တယ်၊ ဘုန်းကြီးတို့က အဲဒီဆန်ကို သရဲဆန်လို့ ခေါ်ကြတယ်။

အဲဒီတော့ အတွယ်အတာကို ပြုတ်ဖို့ရာအတွက် ပညာဟာ အရေးကြီးတယ်။ လောဘ

http://www.dhammadownload.com



ဒေါသ မောဟတွေ ကုန်ဆုံးမယ့် အကြောင်းကို ဖော်ဆောင်ပေးနိုင်တဲ့ ပညာဆိုတာဟာ ဝိပဿနာ ပညာ ဖြစ်တယ်၊ အဲဒီ ဝိပဿနာကို ကောင်းစွာ သိသင့်တယ်၊ ဝိပဿနာ တရားဟာ သဘာဝတရား တွေကို ဆင်ခြင်နိုင်တဲ့ ပညာ၊ ကိလေသာတရားတွေ ကုန်ဆုံးစေနိုင်တဲ့ မဂ်ကို ဖြစ်ပေါ်စေတဲ့ ပညာ ဖြစ်တယ်။

အတွယ်အတာကိုလျှော့ရင် သောကတွေဟာ လည်း လျော့နဲ့သွားမှာပဲ ဖြစ်တယ်၊ သောကကင်းဖို့ ရာအတွက် အတွယ်အတာတွေကို လျှော့ချရမယ်၊ အတွယ်အတာ တဏှာကို မပယ်နိုင်သေးသမျှ သောကကို ဖယ်ရှားလို့ မရဘူး၊ လောကမှာရှိတဲ့ အရာဟူသမျှကို ကိုယ့်ဟာလို့ သတ်မှတ်လိုက်တဲ့ အချိန်ကစပြီး သောက ဖြစ်လာရတာဘဲ၊ အဲဒီတော့ တရားချစ်ခင် သူတော်စင်ပရိသတ် အပေါင်းတို့

http://www.dhammadownload.com



အနေနဲ့ လောကမှာ ပကတိဥစ္စာထက် ပိုပြီး အရေးကြီးတဲ့ မြတ်သောဥစ္စာ(၇)မျိုးကို စုဆောင်းထားကြရမယ်။

အဲဒီဥစ္စာ (၇)မျိုးကတော့ သဒ္ဓါဆိုတဲ့ ယုံကြည်မှု၊ သီလ ဆိုတဲ့ ကိုယ်ကျင့်တရား၊ ဟိရီ ဆိုတဲ့ မကောင်းမှု ပြုရမှာ ရှက်တဲ့တရား၊ ဩတ္တပ္ပဆိုတဲ့ မကောင်းမှုပြုရမှာ ကြောက်တဲ့တရား၊ သုတ ဆိုတဲ့ ပညာကို လေ့လာဆည်းပူးခြင်း၊ စာဂ ဆိုတဲ့ စွန့်လွှတ်မှု၊ ပညာ ဆိုတဲ့ အကျိုးအကြောင်း အဆိုးအကောင်း ခွဲခြားသိတဲ့ဉာဏ်နဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ်၊ ဗောဓိတရားတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ပိုက်ဆံတစ်ပြားမှ မရှိချင်နေပါစေ၊ မြတ်စွာဘုရားက ဟောတော်မူတယ်၊ မမွဲပါဘူးတဲ့ ဟုတ်ကဲ့လား။

မြတ်စွာဘုရား ဟောတော်မူပုံက ဒီလိုပါ၊ "ယဿ ပုရိသဿဝါ– အကြင် အမျိုးကောင်းသား

http://www.dhammadownload.com



မှာဖြစ်စေ၊ **ယသ္မာ ကုလတ္ထိယာဝါ**–အကြင် အမျိုးကောင်းသမီးမှာဖြစ်စေ၊ **တေ ဓမ္မာ**– လောကမှာ အလွန်လိုအပ်တဲ့ ယခုပြောခဲ့တဲ့ ပစ္စည်းဥစ္စာတို့သည်၊ **အတ္ထိ**– ထင်ရှားမသေ့ ရှိကြပါပေကုန်၏။ **တံ**– ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးကို၊ **အဒလိဒ္ဒေါတိ**– ဆင်းရဲသူမဟုတ် မွဲတေသူမဟုတ် ဟူ၍၊ **အာဟု**– ခေါ်ဆိုပညတ် သမုတ်အပ်လေတော့၏။ **တသ္မာ**– ထို သူတော်ဥစ္စာ ခုနစ်ဖြာနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏၊ **ဇီဝိတံ**–လောကမှာ အသက်ရှင်ရခြင်းသည်၊ **အမောဃံ**– အချည်းအနှီး မဖြစ်ပါဟူ၍၊ **ဘဂဝါ** – ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ **အဝေါစ**– ကောင်းစွာမသေ့ ဟောကြားတော်မူခဲ့ပါပေသတည်း။"

http://www.dhammadownload.com



## နိဂုံးစကား

အေး တရားချစ်ခင် သူတော်စင်အပေါင်းတို့သည် နေ့စဉ်နှင့်အမျှ မိမိတို့ သုံးစွဲနေကြရတဲ့ ပစ္စည်းဥစ္စာတွေကို ရှာဖွေစုဆောင်းနေကြသလို အခုပြောခဲ့တဲ့ **သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာ** ဆိုတဲ့ သူတော်ကောင်းဥစ္စာ မြတ်သောဥစ္စာ ခုနစ်ဖြာကိုလည်း စုဆောင်းဖို့ လိုအပ်တယ်၊ ဒီမြတ်သောဥစ္စာဟာ ကိုယ့်သန္တာန်မှာ မရှိမဖြစ် လိုအပ်တဲ့ ဥစ္စာရတနာတွေ ဖြစ်တယ်လို့ ကိုယ်စီကိုယ်ငှ သဘောပေါက်ကြပြီး ထိုပစ္စည်းဥစ္စာတွေ ရရှိဖို့ရန်အတွက် ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

http://www.dhammadownload.com

# ဓမ္မစာပေပြန့်ပွားရေး
# ထာဝရပဒေသာပင် အလှူရှင်များ

၁။ ဦးအုန်းကျော်+ဒေါ်တင်မမ မိသားစု။ ၃၀,၀၀,၀၀၀

၂။ မိဘများနှင့် ဦးတင်စိုးတို့ကိုရည်စူး၍ ဒေါ်ခင်လှ မိသားစု။ (ကိုကျော်သင်းဆေးဆိုင်) မင်္ဂလာဈေး။ ၁၉,၀၀,၀၀၀

၃။ ဦးခင်ရွှေ+ဒေါ်မြေလှိုင် မိသားစု။ ၃,၀၀,၀၀၀

၄။ ဦးစံသာ+ဒေါ်မြေဦးခင် ၁,၅၀,၀၀၀
သမီး - စံသာရတနာ
သား - မောင်စံသာသုခ မိသားစု။

၅။ ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ ၁,၀၀,၀၀၀

၆။ ရွှေပြည်ဟိန်းဆရာတော်၏ မယ်တော်ကြီး ဒေါ်အမာ။ ၁,၀၀,၀၀၀